
ISP-MYANMAR
www.ISPMyanmar.com

# WHAT MATTERS

28 December, 2021

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၇၃)
နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေ

### တရုတ်၏ ရင်းနှီးမြှုပ်နှံမှု
၂၀၂၀ ပြည့်နှစ် အောက်တိုဘာမှ ၂၀၂၁ ခုနှစ် ဩဂုတ်အထိ ဖြစ်ပါသည်။




အာဏာသိမ်းပြီးနောက်ပိုင်းတွင် အာဆီယံအဖွဲ့ဝင်များနှင့် အခြားအင်အားကြီးနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုများ သိသိသာသာ ကျဆင်းသွားသော်လည်း တရုတ်ရင်းနှီးမြှုပ်နှံမှုများက ရပ်တန့်မသွားဘဲ ဆက်ရှိနေခဲ့သည်။ နိုဝင်ဘာဒုတိယပတ်က ဖော်ပြခဲ့သော **အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၅၈** နှင့် နှိုင်းယှဉ်ပါက ၂၀၂၁ ဩဂုတ်တွင် အမေရိကန်ဒေါ်လာ ၄ သိန်း ၇ သောင်းကျော် ထပ်တိုးရင်းနှီးမြှုပ်နှံမှု ပြုလုပ်ခဲ့သည်။ ၂၀၂၁ ဇူလိုင်နှင့် နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ တသိန်းကျော် တိုးလာခြင်း ဖြစ်ပါသည်။ အာဏာသိမ်းပြီးနောက်ပိုင်းတွင် ၂၀၂၁ ဩဂုတ်အထိ တရုတ်ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၃ သန်းကျော် ဝင်ရောက်ထားသည်ကို တွေ့ရသည်။


ရင်းမြစ် - နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၇၃)

### နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေ

■ **ခွင့်ပြုခဲ့သော တရုတ်ရင်းနှီးမြှုပ်နှံမှု အရေအတွက်**

၂၀၂၀ ပြည့်နှစ် အောက်တိုဘာမှ ၂၀၂၁ ခုနှစ် သြဂုတ်အထိ ဖြစ်ပါသည်။




တရုတ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအရေအတွက်ကိုကြည့်ပါက စစ်အာဏာသိမ်းပြီးနောက် ဖေဖော်ဝါရီ၊ ဧပြီ၊ ဇွန်၊ ဇူလိုင်နှင့် သြဂုတ်တို့တွင် လုပ်ငန်းအသစ် ဝင်ရောက်မှုမရှိဘဲ မတ်တွင် တခု၊ မေတွင် နှစ်ခု စုစုပေါင်း သုံးခုသာ ဝင်ရောက်ခဲ့သည်။ နိုဝင်ဘာ ဒုတိယပတ်က ဖော်ပြခဲ့သော **အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၅၈** နှင့် နှိုင်းယှဉ်လျှင် သြဂုတ်လတွင်လည်း ရှိပြီးသား တရုတ်စီမံကိန်းတွင်သာ ရင်းနှီးမြှုပ်နှံမှု ထပ်တိုးခဲ့သည်။ အာဏာမသိမ်းခင်လေးလတွင် ခွင့်ပြုခဲ့သည့် တရုတ်စီမံကိန်းသစ် အရေအတွက် ၁၀ ခု ရှိခဲ့သော်လည်း အာဏာသိမ်းပြီးနောက် ခုနစ်လတာတွင် အတည်ပြုခဲ့သော စီမံကိန်းသစ် သုံးခုသာ ရှိသည်။


ရင်းမြစ် - နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန

28 December, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၇၃)
## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေ

### နှစ်အလိုက် တရုတ်၏ ရင်းနှီးမြှုပ်နှံမှုပမာဏ

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဩဂုတ်အထိ ဖြစ်ပါသည်။





၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှစ၍ ဘဏ္ဍာနှစ်အလိုက် တရုတ်ရင်းနှီးမြှုပ်နှံမှုများကို နှိုင်းယှဉ်လေ့လာကြည့်ရာတွင် နိုင်ငံရေးဖြစ်စဉ်များ အပေါ်မူတည်ပြီး အတက်အကျရှိခဲ့သည်ကို တွေ့ရသည်။ နိဝင်ဘာဒုတိယပတ်က ဖော်ပြခဲ့သော **အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၅၈** အရ စစ်အာဏာသိမ်းပြီးနောက်ပိုင်းတွင်လည်း တရုတ်ရင်းနှီးမြှုပ်နှံမှုများသိသိသာသာနည်းသွားသော်လည်း ဆက်လက်ဝင်ရောက်နေဆဲဖြစ်ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (ဩဂုတ်အထိ) အမေရိကန်ဒေါ်လာ ၁၇၂ ဒသမ ၉၆၂ သန်းကျော် ရင်းနှီးမြှုပ်နှံထားသည်။ ထိုပမာဏသည် ဆယ်နှစ်တာကာလအတွင်း မြန်မာနိုင်ငံတွင်တရုတ်၏ရင်းနှီးမြှုပ်နှံမှု ဒုတိယမြောက် အနိမ့်ဆုံးပမာဏသို့ရောက်ရှိနေခြင်းဖြစ်သည်။ ကာလတူနှိုင်းယှဉ်ပါကအမေရိကန်ဒေါ်လာ ၃၆၄ သန်းကျော်လျော့နည်းသွားသည်။

ရင်းမြစ် - နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၇၃)
## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေ

### နိုင်ငံအလိုက် ရင်းနှီးမြှုပ်နှံမှု အချိုးအစား

**၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဩဂုတ်အထိ ဖြစ်ပါသည်။**




၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ (ဩဂုတ်အထိ) မြန်မာနိုင်ငံ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်ခဲ့သော ၁၀ နိုင်ငံတွင် စင်ကာပူနိုင်ငံက အများဆုံးဖြင့် ဆက်လက်ရပ်တည်နေဆဲ ဖြစ်သည်။ အာဏာသိမ်းပြီးနောက် တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်ဝင်ရောက်နေသော်လည်း နိဝင်ဘာ ဒုတိယပတ်က ဖော်ပြခဲ့သော **အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၅၈** နှင့် နှိုင်းယှဉ်ပါက ရင်းနှီးမြှုပ်နှံမှုအချိုးအစားအားဖြင့် အပြောင်းအလဲ သိပ်မရှိခဲ့သည်ကိုတွေ့ရသည်။ ရာခိုင်နှုန်းအားဖြင့် စင်ကာပူနိုင်ငံက ၂၆ ဒသမ ၈ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ပြီး တရုတ်နိုင်ငံက ၂၃ ဒသမ ၇ ရာခိုင်နှုန်းဖြင့် ဒုတိယ၊ ထိုင်းနိုင်ငံက ၁၂ ဒသမ ၆ ရာခိုင်နှုန်းဖြင့် တတိယ စသဖြင့် အများဆုံး ရင်းနှီးမြှုပ်နှံထားကြသည်။

ရင်းမြစ် - နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန